VERMONT
DEPARTMENT OF LABOR

# အမေးများသောမေးခွန်းများ
# အထွေထွေအလုပ်လက်မဲ့ အာမခံများ

**ကနဦး အကျိုးခံစားခွင့် တောင်းခံခြင်း -** 1-877-214-3330 သို့မဟုတ် 1-888-807-7072 ကိုဖုန်းခေါ်ဆိုပါ သို့မဟုတ် www။labor။vermont။gov တွင် အွန်လိုင်းမှ လျှောက်ထားနိုင်သည်။

**အပတ်စဉ် အကျိုးခံစားခွင့် ဖြည့်စွက်ခြင်း -** 1-800-983-2300 (အော်တိုမက်တစ် ဖုန်းလိုင်း (၂၄နာရီ တနင်္ဂနွေနေ့၊ မနက် ၅-ညနေ ၄း၃၀ တနင်္လာ-သောကြာ)၊ အွန်လိုင်း- www.labor။vermont.gov

**ကပ်ရောဂါကြောင့် အလုပ်လက်မဲ့မှုများအတွက်အကူအညီပေးခြင်း အကြောင်း အချက်အလက်များ ရှာဖွေနေပါသလား။ https://labor.vermont.gov/PUA တွင်ဝင်ရောက်ကြည့်ရှုပါ။**

---

## ရပိုင်ခွင့်

### အလုပ်လက်မဲ့ အကျိုးခံစားခွင့်အတွက် ရပိုင်ခွင့်ရှိပါသလား?

အလုပ်လက်မဲ့ အကျိုးခံစားခွင့်အတွက် ရပိုင်ခွင့်ရှိရန်လိုအပ်သည်များကို ကိုဗစ်-၁၉ အတွက် အောက်ပါအကြောင်းအချက်များကိုပါ ပါဝင်စေရန်ထပ်မံတိုးချဲ့လိုက်ပါသည်:

- *လူလျှော့ခံရခြင်းထဲတွင်ပါဝင်ခဲ့ခြင်းမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်လျှင် ရပိုင်ခွင့်ရှိနိုင်သည်:*
    - သင့်အလုပ်ရှင်မှာ ကိုဗစ်-၁၉ နှင့်ဆက်လျှင်းသည့် အကြောင်းကြောင့် လုပ်ဆောင်နေမှုများကို ရပ်တန့်လိုက်ခြင်း
    - အစိုးရ သို့မဟုတ် ဥက္ကဌဆီမှ တိုက်ရိုက်ရပ်တန့်စေရန် အမိန့်ပေးခံရခြင်း
    - ဝန်ထမ်းကိုယ်တိုင်မှ ကိုဗစ်-၁၉ ကြောင့် သီးခြားနေရခြင်း သို့မဟုတ် စောင့်ကြည့်ကာလတွင်ဖြစ်နေခြင်း

- *အောက်ပါ အကြောင်းများကြောင့် အလုပ်လက်မဲ့ ဖြစ်ခဲ့ရလျှင် ရပိုင်ခွင့်ရှိနိုင်သည် :*
    - ကိုဗစ်-၁၉ ကြောင့် ဖျားနာနေခြင်း သို့မဟုတ် သီးခြားနေနေရခြင်း
    - သင့် အလုပ်နေရာတွင် အလုပ်မှ သင့်တော်မှုမရှိသော စွန့်စားမှု ပေါ်ပေါက်လာခြင်း
    - ကိုဗစ်-၁၉ ကြောင့် ဖျားနာနေသော သို့မဟုတ် သီးခြားနေရသော မိသားစုဝင်ကို ပြုစုပေးနေရခြင်း
    - အလုပ်နေရာတွင် အလုပ်မှ သင့်တော်မှုမရှိသော စွန့်စားမှု ပေါ်ပေါက်လာခြင်းရှိခဲ့သော မိသားစုဝင်ကို ပြုစုပေးနေရခြင်း
    - ကျောင်းတတ်နေရသော သို့မဟုတ် ကလေးထိန်းကျောင်းများ ပိတ်ထားသောကြောင့် ထိန်းပေး ဂရုစိုက်ပေးရမည့် ကလေးငယ် ရှိနေခြင်း

**အကယ်၍ ကိုယ်တိုင်က ဖျားနာမနေသော်လည်း ဆေးပညာကျွမ်းကျင်သူ သိုမဟုတ် တရားဝင် အများပြည်သူ ကျန်းမာရေး စောင့်ရှောက်မှုမှ ကိုဗစ်-**

## ၁၉ ကြောင့် စောင့်ကြည့်ကာလ အနေဖြင့် သီးခြားနေထိုင်ရန် ပြောဆိုခြင်း ခံရပါလျှင်?

အောက်ပါစံနှုန်းများကို ပြည့်မှီခဲ့လျှင် အလုပ်လက်မဲ့ အကျိုးခံစားခွင့်အတွက် ရပိုင်ခွင့်ရှိနိုင်သည်:

- ဆေးပညာကျွမ်းကျင်သူ သိုမဟုတ် တရားဝင် အများပြည်သူ ကျန်းမာရေး စောင့်ရှောက်မှုမှ ကိုဗစ်-၁၉ ကြောင့် တစ်ဦးတည်း သီးသန့်နေထိုင်ရန် သို့မဟုတ် စောင့်ကြည့်ကာလ အဖြစ် နေထိုင်ရန် ညွှန်ကြားခြင်းခံထားရခြင်း
- သင့်အလုပ်ရှင်ထံမှ ဖျားနာခံစားခွင့် သို့မဟုတ် အခြားခွင့်များအတွက် အခကြေးငွေမရရှိခြင်း

## အကယ်၍ အလုပ်ရှင်မှ ကြိုတင်ကာကွယ်မှု အနေနှင့် သော်လည်းကောင်း ဝန်ထမ်း တစ်ယောက်ယောက်မှ ဖျားနာ၍သော်လည်းကောင်း အခြား ဝန်ထမ်းများမှ သီးခြားနေထိုင်ရန် သို့မဟုတ် စောင့်ကြည့်ကာလအဖြစ် နေထိုင်ရန် တောင်းဆိုခံရခြင်း သော်လည်းကောင်း အလုပ်ကို ပိတ်ခဲ့ပါလျှင်? အလုပ်လက်မဲ့ အကျိုးခံစားခွင့် အတွက် ရပိုင်ခွင့်ရှိပါသလား?

အကယ်၍ အလုပ်ရှင်ထံမှ ဖျားနာခွင့် သို့မဟုတ် အနားယူခွင့် စသည်တို့အတွက် လျော်ကြေးငွေများ မရရှိပါက ထိုကာလအတွက် အလုပ်လက်မဲ့ အကျိုးခံစားခွင့် ရပိုင်ခွင့်ရှိနိုင်သည်။

## အကယ်၍ မိမိသည် အပြင်းအထန်နာမကျန်းဖြစ်နေပြီး ကိုဗစ်-၁၉ ကြောင့် အလုပ်မှ ထွက်ရန် ဖိအားပေးခြင်းခံရပါလျှင် အလုပ်လက်မဲ့ ခံစားခွင့်အတွက် အရည်အချင်းပြည့်မှီပါသလား?

ပြည့်မှီပါသည်။ အလုပ်လက်မဲ့ အကျိုးခံစားခွင့်အတွက် ရပိုင်ခွင့် လိုအပ်ချက်များတွင် ကိုဗစ်-၁၉ ကြောင့် ဖျားနာခြင်း သို့မဟုတ် သီးသန့်နေထိုင်ရခြင်း တို့ပါဝင်ပါသည်။

## အကယ်၍ ကိုဗစ်-၁၉ ကြောင့် မိသားစုဝင် တစ်ယောက်ယောက်ကို ပြုစုရန်အတွက် အလုပ်မှ ထွက်ရရန် လိုအပ်လာသောအခါ ?

အကယ်၍ မိသားစုဝင် တစ်ယောက်ယောက်ကို ပြုစုရန်အတွက် အလုပ်မှ ထွက်ရရန် လိုအပ်ပါက အလုပ်လက်မဲ့ အကျိုးခံစားခွင့်အတွက် ရပိုင်ခွင့်ရှိနိုင်ပါသည်။

## အလုပ်ရှင်မှ ကိုဗစ်-၁၉ ကြောင့် အလုပ် ပိတ်လိုက်ပါက ရပိုင်ခွင့်ရှိပါသလား?

အကယ်၍ ကိုဗစ်-၁၉ ကြောင့် အလုပ်ရှင်မှ ပိတ်လိုက်ပါက ပုံမှန်အလုပ်လက်မဲ့ ရပိုင်ခွင့် သို့မဟုတ် တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအလုပ်လက်မဲ့ အကူအညီပေးရေးအဖွဲ့ (PUA) အတွက် ရပိုင်ခွင့်ရှိနိုင်သည်။

## အလုပ်ရှင်မှ ကိုဗစ်-၁၉ ကြောင့် မိမိ အလုပ်ချိန်များကို လျော့ချပါက ရပိုင်ခွင့်ရှိပါသလား ?

အကယ်၍ အလုပ်ရှင်မှ အလုပ်ချိန်များကို ကိုဗစ်-၁၉ ကြောင့် လျော့ချပါက အလုပ်လက်မဲ့ အကျိုးခံစားခွင့်အတွက် ရပိုင်ခွင့်ရှိနိုင်ပါသည်။

## အကယ်၍ မိမိအလုပ်နေရာမှာ ပိတ်ဆို့ခြင်းခံလိုက်ရပြီး နေအိမ်မှသာ အလုပ်လုပ်ကိုင်နေရပါလျှင် ရပိုင်ခွင့်ရှိပါသလား?

အကယ်၍ သင့်အလုပ်နေရာမှာ ပိတ်ဆို့ခြင်းခံလိုက်ရသော်လည်း နေအိမ်မှသာ ဝင်ငွေလျော့နည်းသွားခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်နေရပါလျှင် အလုပ်လက်မဲ့ အကျိုးခံစားခွင့်ကို ရရှိနိုင်မည် မဟုတ်ပါ။

**အလုပ်ရှင်မှ အလုပ်ပြန်ဆင်းရန် ပြောဆိုသော်လည်း ပြန်ဆင်းရန် စိတ်ချရခြင်း မရှိသေးဟု ခံစားရပါသည်။ အလုပ်သို့ ပြန်မဆင်းသေးဘဲ အလုပ်လက်မဲ့ပုံစံဖြင့် ဆက်လက်နေထိုင်နိုင်ပါသလား?**

သင်သည် အလုပ်ကို လုပ်နိုင်စွမ်းလဲရှိပြီး အားလပ်မှုလဲ ရှိနေသော်လည်း အလုပ်မလုပ်သောကြောင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်ကို ရရှိနိုင်မည် မဟုတ်ပါ။

# တောင်းဆိုမှုနှင့် သက်ဆိုင်သောမေးခွန်းများ

## ငွေကြေးဆုံးဖြတ်မှုများနှင့် ပက်သက်ပြီး လက်ခံရရှိခဲ့ပါသည်။ ထိုကိစ္စမှာ ဘာဖြစ်ပြီး မည်ကဲ့သို့ဆိုလိုပါသလဲ?

သင့် ငွေကြေးဆုံးဖြတ်မှုမှာ ပြီးခဲ့သည့် ၄ ကွာတား (တနှစ်, တကွာတား=၃လ) လစာအပေါ်တွင် မူတည်တွက်ချက်ပါသည်။ သင်လက်ခံရရှိသော ငွေကြေးဆုံးဖြတ်မှုမှာ ပြည်နယ်အကျိုးခံစားခွင့်ပမာဏဖြစ်ပြီး CARES ဥပဒေအရ ထပ်တိုးရရှိမည့် ဖက်ဒရယ်အကျိုးခံစားခွင့် ဒေါ်လာ ၆၀၀ နှင့် သက်ဆိုင်မှုမရှိပါ။ ထို ဒေါ်လာ ၆၀၀ မှာ သင့် လျှပ်စစ်သုံးစွဲခလွဲပြောင်းမှု သို့မဟုတ် စာရွက်စစ်ဆေးမှုအတွက် ဖြစ်သည်။

## ပြီးခဲ့သည့်နှစ်တွင် အလုပ်လက်မဲ့အတွက် တင်သွင်းထားခဲ့ပါလျှင် အလုပ်ပြန် လုပ်သည့် အခါတွင် အသစ်တောင်းဆိုမှုကို ပြန်ဖြည့်ရန် လိုအပ်ပါသလား?

ပြီးခဲ့သည့် ၁၂လအတွင်း တောင်းဆိုမှုဖွင့်လှစ်ထားရှိခဲ့ပါလျှင် အလုပ်လက်မဲ့အတွက် ထပ်မံလျှောက်ထားရန် မလိုအပ်ပါ။ သင်သည် လိုင်းပေါ်မှ ပြန်လည်ဝင်ရောက်ခြင်း သို့မဟုတ် အပတ်စဉ် အလိုအလျှောက်ဖြေကြားသည့် လိုင်းကိုခေါ်ကြားခြင်းဖြင့် ပြန်လည် ဖွင့်နိုင်ပါသည်။ 1-800-983-2300 (အလိုအလျှောက်ပြန်လည်ဖြေကြားချိန်: 24 နာရီ တနင်္ဂနွေ, မနက် 5 မှ ညနေ 4:30 တနလာ မှ သောကြာထိ)

## အကယ်၍ သက်တမ်းကုန်သွားခဲ့လျှင် မည်ကဲ့သို့လုပ်ရမည်နည်း?

အကယ်၍ သက်တမ်းကုန်သွားခဲ့လျှင် တိုးချဲ့ထားသော အကျိုးခံစားခွင့် ဖြစ်သည့် ထပ်တိုး ၁၃ ပတ် အကျိုးခံစားခွင့်ကို ရပိုင်ခွင့်ရှိမည်။ တိုးချဲ့အကျိုးခံစားခွင့်အစီအစဉ် မှာ တိုးမြှင့်လျှက်ရှိသည်။ အစီအစဉ်ကို အသုံးပြုနိုင်လျှင် ဌာနမှ ကြေငြာမည်။

## ပြီးခဲ့သည့်အပတ်တွင် အပတ်စဉ်ပေးချေမှုကို မေ့လျော့သွားခဲ့သည်။ မည်ကဲ့သို့ ပြုလုပ်ရမည်နည်း?

ပြီးခဲ့သည့် အပတ်တွင် အပတ်စဉ်ပေးချေမှုကို မေ့လျော့သွားခဲ့ပါက အလိုအလျောက် ပြန်လည်ဖြေကြားသည့်လိုင်း 1-800-983-2300 သို့ ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် လိုင်းပေါ်မှ ပြန်လည်ဝင်ရောက်ပြီး ပြီးခဲ့သည့်အပတ်အတွက် ဖြည့်ခြင်း တို့ကို ပြုလုပ်နိုင်သည်။ တစ်နေ့တွင် တစ်ပတ်စာသာ ပြန်ဖြည့်နိုင်မည်။ နောက်ထပ် ဖြည့်ရန် ကျန်ခဲ့သည်များ အတွက် လိုင်းပေါ်မှ ဝင်ရောက်ပါလျှင် အတည်ပြုသည့် စာမျက်နှာမှ အကြောင်းကြားစာ ကို ရရှိမည်။ အကုန်ပြန်လည်ဖြည့်ပြီးသောအခါ အပတ်စဉ်ပေးချေမှုကို တနင်္ဂနွေမှ သောကြာနေ့အထိ ညနေ ၄ နာရီတွင် ဆက်လက် လုပ်ဆောင်သွားနိုင်ပါသည်။

## တောင်းခံမှုမှာ စီမံဆုံးဖြတ်ပြီးသားဟု ပြောဆိုထားပါသည်။ မည်ကဲ့သို့ ဆိုလိုပါသနည်း?

စီမံဆုံးဖြတ်ထားသော တောင်းခံမှုတွင် ရပိုင်ခွင့်ကို ဆုံးဖြတ်ရန်အတွက် ဌာနမှ ထပ်မံသုံးသပ်ချက်များ လိုအပ်သည်။ အချို့သော လိုအပ်ချက်များတွင် တစ်နေ့ သို့မဟုတ် ၂ရက်စာ လုပ်အား အတွက် လုပ်အားခရရှိရန် တင်ပို့မှုများ လစ်ဟင်းခြင်း ဖြစ်သည်။

(ဥပမာ- တနင်္လာ မှ ဗုဒ္ဓဟူးနေ့အထိ လုပ်ကိုင်ကာ ကြာသပတေးနေ့တွင် လူလျော့ခံရသည့် အထဲ ပါဝင်သွားပါက တနင်္လာ မှ ဗုဒ္ဓဟူးနေ့အထိ အတွက် လုပ်ခလစာကို တောင်းခံရမည် ဖြစ်သည်)။ စီမံဆုံးဖြတ်ထားသော တောင်းခံမှု ပြီးဆုံးချိန်တွင် ဌာနမှ အကြောင်းကြားမည်။

# ငွေပေးချေမှု မေးခွန်းများ

## ဘာကြောင့် ဒေါ်လာ ၆၀၀ ခံစားခွင့်ကို အပြည့်မရရှိတာပါလဲ?

ကနဦး လျှောက်လွှာ တင်ပြီးသောအခါ သင်သည် အပတ်စဉ် အကျိုးခံစားခွင့်ပမာဏထဲမှ အခွန်ကို ပေးရန် ရွေးချယ်ခြင်း မပြုပါက အခွန်သည် ဖက်ဒရယ် အကျိုးခံစားခွင့် ဒေါ်လာ ၆၀၀ ထဲမှနေ၍ ဖြတ်တောက်သွားမည် ဖြစ်သည်။ အကျိုးခံစားခွင့်အားလုံးတို့မှာ ပြည်နယ်နှင့် အစိုးရနှင့်ဆက်လျှင်းသော အခွန်အခများပေါ် မှီတည်နေပါသည်။

## အကျိုးခံစားခွင့်ကို ဘယ်လောက်ကြာကြာရရှိနိုင်ပါသလဲ?

အလုပ်လက်မဲ့ အကျိုးခံစားခွင့်ကို ၂၆ ပတ်ကြာ နှင့် ထပ်တိုးခံစားခွင့် ၁၃ ပတ်ကြာ ရရှိနိုင်ပါသည်။

## ဘယ်အချိန်မှာ ပေးချေမှုကို ရရှိမှာပါလဲ?

အကယ်၍ အပတ်စဉ် ပေးချေမှုကို ဆက်တိုက် လုပ်ဆောင်ခဲ့ပြီး မည်သည့် ပြဿနာတစ်စုံတစ်ရာမှ ဖြစ်ပွားခဲ့ခြင်းမရှိပါလျှင် အပတ်စဉ် အဆုံးတွင် ရရှိနိုင်ပါသည်။

## လျှောက်လွှာကို အလုပ်လက်မဲ့အတွက် တင်သွင်းပြီးနောက် ပိုက်ဆံလုံးဝ လက်ခံရရှိခြင်းမရှိသေးပါ။ ဘာကြောင့်ပါလဲ?

ကနဦး လျှောက်လွှာတင်သွင်းပြီးနောက် အလုပ်လက်မဲ့ဖြစ်နေကြောင်းကို အပတ်စဉ် ပြောဆို တောင်းခံမှုများကို ဆက်လက်ပြုလုပ်ရမည်။ အပတ်စဉ် တောင်းခံမှုများမှာ သင်၏ ပြီးခဲ့သည့်အပတ်မှ အလုပ်လက်မဲ့ ဖြစ်ကြောင်း ထောက်ခံချက်ပင်ဖြစ်သည်။ အပတ်စဉ် တောင်းခံမှု မပြုလုပ်ပါက သင် အလုပ်ပြန်လည်ရရှိနေပြီဟု အလိုအလျောက် ယူဆ လိုက်ကာ ခံစားခွင့်ကိစ္စများကို ရပ်တန့်လိုက်မည် ဖြစ်သည်။

### အလုပ်လက်မဲ့အတွက် တင်သွင်းထားပြီး အပတ်စဉ်တောင်းခံမှုများ ပြုလုပ်သော်လည်း မည်သည့် ပိုက်ဆံမှ မရရှိသေးပါ။ ဘာကြောင့်ပါလဲ?

အကယ်၍ အလုပ်လက်မဲ့ခံစားခွင့် အတွက် ကြိုတင်ပေးငွေ ဒေါ်လာ ၁၂၀၀ အပါအဝင် ရရှိခြင်း မရှိသေးပါက သင့်တောင်းဆိုမှုမှာ ရပိုင်ခွင့်ကို ဆုံးဖြတ်ရန် အတွက် ဌာနမှ ထပ်မံလေ့လာမှု ပြုလုပ်ရန် လိုအပ်နေသောကြောင့် ဖြစ်ပါလိမ့်မည်။ ဤအချင်းအရာသည် ဌာနမှ နေ၍ အခြားသော ပြည်နယ်မှ အချက်အလက်များ ရရှိရန် လိုအပ်နေသေးခြင်း၊ ဝင်ငွေပိုင်းဆိုင်ရာ ကိစ္စများနှင့် အခြားကိစ္စရပ်များ ကြောင့်လဲ ဖြစ်နိုင်ပါသည်။ ဌာနမှ စီမံဆုံးဖြတ်မှု ပြီးဆုံးပါက အကြောင်းကြားပေးမည်။

## အခြားအလုပ်လက်မဲ့အာမခံမေးခွန်းများ

### အလုပ်ပြန်လည်လုပ်ကိုင်နေပါပြီ။ လုပ်သားဌာနသို့ အကြောင်းကြားရန် လိုအပ်ပါသလား?

အကယ်၍ သင်သည် အလုပ် ပြန်လည်လုပ်ကိုင်နေပြီ ဆိုပါက လုပ်သားဌာနသို့ အကြောင်းကြားရန် မလိုအပ်ပါ။ အပတ်စဉ် တောင်းခံနေမှုကို ရပ်တန့်လိုက်ရန်သာ လိုအပ်ပါသည်။ အကယ်၍ သင်သည် အလုပ်ရှိနေ လုပ်နေလျက်သားနှင့် တောင်းခံမှုကို တွေ့ရှိပါက လိမ်လည်မှုအဖြစ် ဖြစ်မည်ဖြစ်ပြီး ခံစားခွင့်အတွက် ရရှိမည်မဟုတ်ပါ။ အကယ်၍ သင်သည် UI ခံစားခွင့်အတွက် အလုပ်လုပ်ကိုင်နေဆဲ အပတ်တွင် ဖြစ်လျှင် လုပ်ခဲ့သည့်နာရီနှင့် ရရှိသည့် လုပ်အားခကို တင်ပြပေးရမည် ဖြစ်သည်။

**တောင်းခံထားမှုမှာ အခုချိန်တွင် ရက်သတ္တပတ် အနည်းငယ်ကြာရှိခဲ့ပြီ ဖြစ်သည်။ မည်သည့်အချိန်တွင် ဆုံးဖြတ်ချက်ကို ရရှိမည်ကို သိရှိနိုင်မည့် သတ်မှတ်ထားသော ရက်အပိုင်းအခြား ရှိပါသလား ?**

အကယ်၍ တောင်းခံထားမှုမှာ စီမံဆုံးဖြတ်နေသည့်အဆင့်တွင်ရှိနေပါလျှင် လက်ခံရရှိသည့် အစဉ်လိုက်ပေါ်တွင်သာ မူတည်၍ ရရှိမည်။

**PIN ကို မည်ကဲ့သို့ ပြန်လည်စတင်နိုင်ပါသလဲ?**

PIN ကို ပြန်လည်စတင်ဖို့ လိုအပ်ပါလျှင် ကျွန်ုပ်တို့၏ အကူအညီပေးနေသော လိုင်းနံပါတ် 888-807-7072 သို့ ဆက်သွယ်ပြောဆိုနိုင်ပါသည်။

**ကိုဗစ်-၁၉ မတိုင်မီထဲမှ အလုပ်လက်မဲ့ဖြစ်နေခြင်းဖြစ်သည်။ အလုပ်ကို ရှာဖွေရန် လိုအပ်ပါသေးသလား?**

မလိုအပ်ပါဘူး။ ကိုဗစ်-၁၉ ကြောင့် အလုပ်တိုင်း၏ လိုအပ်ချက်ရှာဖွေမှုများမှာ နောက်ဆုတ်ထားသည်။ အလုပ်လိုအပ်ချက် ရှာဖွေမှုများ ပြန်လည် တည်ငြိမ်သွားချိန်တွင် ဌာနမှ တောင်းခံသူထံသို့ အကြောင်းကြားပေးသွားမည် ဖြစ်သည်။

**အလုပ်သို့ပြန်သွားရမည့် နေ့ရက်မှာ ကျော်လွန်သွားခဲ့ပြီ ဖြစ်သည်။ မည်သည့်အချိန်တွင် အလုပ်သို့ ပြန်ဝင်ရမည်ကို မသိရသေးပါ။ ထို့ကြောင့် နေ့စွဲကို မည်ကဲ့သို့ ပြုလုပ်ရမည်နည်း?**

ဤကဲ့သို့သော အချိန်တွင် အလုပ်ကို ပြန်ဝင်ရမည့်နေ့ရက်ကို တင်ပြရန် မလိုအပ်ပါ။ ဌာနမှနေ၍ ဤဖြစ်ရပ်အတွက် ပြုလုပ်ရမည့် အပြောင်းအလဲများကို ကြေငြာသွားမည် ဖြစ်သည်။

**အပတ်စဉ်တောင်းခံမှုကို ပြုလုပ်သည့်အခါတွင် SSN (Social Security Number) ကို ရှာမတွေ့ပါဟု အဘယ်ကြောင့်ရရှိနေပါသလဲ ?**

SSN ရှာမတွေ့ပါဟု ဖြစ်ရခြင်းမှာ အောက်ဖော်ပြပါ အကြောင်းများထဲမှ တချက်ကြောင့် ဖြစ်နိုင်ပါသည် :

- သင့် ကနဦး တောင်းခံမှုမှာ ပြုလုပ်နေဆဲ ဖြစ်သောကြောင့် ဖြစ်မည်။ စနစ်ထဲသို့ ရောက်ရှိစေရန်မှာ သင်စတင်တောင်းခံမှု ပြုလုပ်ချိန်မှ စတင်ကာ အလုပ်ချိန် ၇၂ နာရီခန့်ထိ ကြာမည်။
- သင်သည် တောင်းခံမှုကို ပြုလုပ်ခြင်းမှာ အလွန်စောလွန်းနေခြင်း သို့မဟုတ် နောက်ကျလွန်းခြင်းကြောင့် ဖြစ်နိုင်သည်။ အပတ်စဉ် တောင်းခံမှုမှာ တနင်္ဂနွေနေ့ မှစကာ သောကြာနေ့အတွင်း ညနေ ၄ နာရီအထိ သာ ပြုလုပ် နိုင်ပါသည်။
- သင့်တောင်းခံမှုမှာ စီမံဆုံးဖြတ်နေဆဲ ဖြစ်သည်။ သင့်တောင်းခံမှုတွင် တစ်စုံတစ်ရာ ပြဿနာမရှိပါက ဆုံးဖြတ်သူမှ စီစဉ်ပြီး ဖြစ်မည်။ သင့်တောင်းခံမှု စီမံဆုံးဖြတ်၍ မပြီးမချင်း လိုင်းပေါ်မှ ဆက်သွယ်ဆောင်ရွက်မှုကို ပြုလုပ်၍ရမည် မဟုတ်ပါ။